

ဘာသာပြန် စာရေးဆရာ – အပြုံးလေး

# သိုင်းပါရဂူ

(ချင်းချန်)

(Chapter 6443-6462)

စာစဉ်–၃၂၃

သိုင်းပါရဂူ
ဘာသာပြန် - အပြုံးလေး
အပိုင်း - ( ၆၄၄၃ )
*

" ဝုန်း "

ချင်းချန်၏ ဝိညာဥ်က မူလစကြဝဠာနှင့်ချိတ်ဆက်ပြီး ဆင်းသက်လာသည်နှင့် မြို့သခင်အိမ်တော်တွင်ရှိသော သူ၏ခန္ဓာကိုယ်ကလည်း ချက်ချင်းပျောက်ကွယ်သွားပြီး မူလစကြဝဠာတွင် ထွက်ပေါ်လာသည်။

ချက်ချင်းပင် ချင်းချန်၏ အရှိန်အဝါက မူလစကြဝဠာနှင့် ပေါင်းစပ်ကာ ချိတ်ဆက်သွားပြီး မူလစကြဝဠာတစ်ခုလုံးကို ပျံ့နှံ့သွားလေ၏။

" ဝေါ .. ဝေါ .. ဝေါ "

တဝေါဝေါဖြင့် အသံများက ဆူညံစွာထွက်ပေါ်လာပြီး မူလစကြဝဠာကြီးက လျှင်မြန်စွာဖြင့် ပိုမိုကြီးမားလာပြန်သည်။

ထိုသို့မူလစကြဝဠာကြီး ကြီးမားလာသည်နှင့် မူလစကြဝဠာတစ်ခုလုံးတွင်ရှိသော သက်ရှိများအားလုံးက အလွန်ပူလောင်သော သဲကန္တာရထဲတွင် မိုးရွာသွန်းမှုကို ကြုံလိုက်ရသကဲ့သို့ ခံစားလိုက်ရ၏။

ကောင်းကင်ထက်တွင် ငှက်များက လွတ်လပ်စွာဖြင့် ပျံသန်းကာ ပျော်မြူးနေကြပြီး ပင်လယ်ထဲတွင်ရှိသော ငါးများကလည်း ရေပြင်ပေါ်သို့ တက်လာ

ကာ ခုန်ပေါက်နေကြသည်။

လူသားမျိုးနွယ်ကောင်စီတွင်...

အရှင်ရှားယို၊ အန်ယုအိမ်တော်သခင်၊ ဘိုးဘေးတူဘနှင့် ကျန်သူများအားလုံးတို့ လေဟာနယ်ထဲမှ ထွက်ပေါ်လာ၏။ သူတို့၏မျက်လုံးထဲတွင် ကောင်းကင်ထက်၌ ရောင်စုံဝိညာဉ်စွမ်းအားများက မိုးရွာသကဲ့သို့ ကြွေကျနေသည်ကို တွေ့လိုက်ရသည်။

ထိုရောင်စုံဝိညာဥ်စွမ်းအားများ၏ ကြွေကျမှုအောက်တွင် သူတို့၏ခန္ဓာကိုယ်မှ ကျင့်ကြံအဆင့်က လျင်မြန်စွာ တိုးတက်လာ၏။

" ငါ့ရဲ့ကျင့်ကြံအဆင့် "

မူလစကြဝဠာတစ်ခုလုံးရှိ သက်ရှိများအားလုံး ကျင့်ကြံသူဖြစ်နေသ၍ ကောင်းကင်နှင့်မြေကြီးချီစွမ်းအင်က ထူထဲလာပြီး မဟာတာအိုကလဲ အသွင်ပြောင်းလဲလာသည်ကို ခံစားလာကြရ၏။

ထိုပြောင်းလဲမှုအောက်တွင် သူတို့၏ကျင့်ကြံအဆင့်က အဆင့်တစ်ခုသို့ အလိုအလျောက် မြင့်တက်သွားကြသည်။ ထို့အပြင် သူတို့လက်ရှိကျင့်ကြံအဆင့်ထက် ပိုမြင့်သောနယ်ပယ်ကို လျှောက်လှမ်းရန်အတွက်လည်း လမ်းစကို တွေ့ရှိသွားကြ၏။

" ချင်းချန် ဒီကောင်ဘာတွေများလုပ်နေတာလဲ "

ထိုမြင်ကွင်းကိုကြည့်ပြီး အရှင်ရှားယို၏မျက်ခုံးက တဆတ်ဆတ် တုန်ခါလာသည်။ ထို့နောက် တိုးတက်နေသော ကမ္ဘာမြေမှသက်ရှိများကို လှည့်ပတ်ကြည့်လိုက်၏။

" လူတစ်ယောက်က တာအိုကိုရရှိသွားတဲ့အချိန်ကျရင် သူ့ရဲ့မိသားစုနဲ့ သူ့မွေးထားတဲ့ တိရစ္ဆာန်တွေတောင်မှ ကောင်းကင်ကိုပျံတက်လာနိုင်တယ်ဆို

တာ တကယ်ကိုမှန်ကန်နေတာပဲ "

ဖြစ်စဥ်တစ်ခုလုံးက ရှည်လျားသည်ထင်ရသော်လည်း တစ်ခဏလေးနှင့်ပြီးဆုံးသွားပြီး ကမ္ဘာကြီးက ပြန်လည်၍ ငြိမ်းချမ်းသွားသည်။

တစ်ဖက်တွင် ချင်းချန်က ထပ်မံ၍ပြောင်းလဲသွားသော မူလစကြဝဠာကို ကြည့်ကာ မပြုံးပဲမနေနိုင်ချေ။ မူလစကြဝဠာ စတင်ပြောင်းလဲခဲ့သည့်အချိန်တွင် သူကမူလစကြဝဠာထံမှ အကျိုးအမြတ်များကို ခံစားခဲ့ရ၏။

လက်ရှိအချိန်တွင်တော့သူက မူလစကြဝဠာကို ပြန်လည်၍ အကျိုးအမြတ်များ ပေးနိုင်နေပြီဖြစ်သည်။ ၎င်းက တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်ထောက်ပံ့ခြင်းဖြစ်၏။

နဂိုတုန်းက မူလစကြဝဠာနယ်မြေမှာ မကျယ်ဝန်းသလို တောင်ပိုင်းစကြဝဠာပင်လယ်ကဲ့သို့လည်း သယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝခြင်းမရှိပေ။ ယခုတော့ မူလစကြဝဠာက တောင်ပိုင်းစကြဝဠာပင်လယ်ထက်ပင် ပို၍အရင်းအမြစ်များ ပေါကြွယ်ဝလာပြီဖြစ်သည်။

ချင်းချန် ကောင်းကင်နှင့်မြေကြီးချီများက ပိုမို၍သိပ်သည်းလာပြီး မဟာတာအိုက ပြီးပြည့်စုံနေသော မူလစကြဝဠာကို သေချာကြည့်ကာ ပျော်ရွှင်စွာဖြင့် ပြုံးလိုက်၏။

ဤအရာက လုံးဝကို ပြီးပြည့်စုံနေသော စကြဝဠာ ကမ္ဘာသစ်တစ်ခုဖြစ်သည်။

မူလစကြဝဠာနှင့် စကြဝဠာပင်လယ်ကြီးကို နှိုင်းယှဥ်ရမည်ဆိုလျှင် တစ်ယောက်က မွေးကင်းစကလေးငယ်တစ်ယောက်နှင့်တူညီပြီး နောက်တစ်ယောက်ကတော့ သင်္ချိုင်းကုန်းကို ခြေတစ်ဖက်လှမ်းနေသော အဘိုးကြီးနှင့်တူနေ၏။

အနာဂါတ်တွင် မူလစကြဝဠာက နောက်ထပ်စကြဝဠာပင်လယ်သစ်တစ်ခု ဖြစ်လာမလားပင် မသိချေ။

ချင်းချန် ထိုသို့ပြောနေချိန်တွင် သူ၏အရှေ့၌ လူတစ်ယောက်က ဖြတ်ခနဲပေါ်လာပြီး သူ့ရင်ခွင်သို့ ပစ်ကာဝင်လာ၏။

" စီစီ "

ထိုနွေးထွေးနူးညံ့သော ခန္ဓာကိုယ်ကို ခံစားလိုက်ရသောအခါ ချင်းချန် စိတ်လှုပ်ရှားစွာဖြင့် တင်းတင်းကြပ်ကြပ် ပြန်ဖက်လိုက်သည်။

သူမက စီစီဖြစ်၏။ ရက်ပေါင်းမြောက်များစွာ မတွေ့ရသည့်နောက်တွင် စီစီ၏ရုပ်ရည်က ပိုမိုချောမောလာပြီး သူမ၏ခန္ဓာကိုယ်ကလည်း ပိုမို၍လှပလာကာ လှုပ်ရှားမှုတစ်ခုတိုင်းက ရင်သပ်ရှုမောဖွယ်ကောင်းအောင် စွဲဆောင်မှုရှိနေသည်။

ချင်းချန် ခေါင်းငုံ့ကြည့်လိုက်ချိန်တွင် စီစီကလည်း သူ့ကိုပြန်လည်၍ မော့ကြည့်နေ၏။

သူမ၏ ဖီးနစ်ရောင်မျက်လုံးများက ကြယ်များကဲ့သို့တောက်နေပြီး ပန်းနုရောင်နှုတ်ခမ်းက မက်မွန်သီးပေါ်ရေတင်နေသကဲ့သို့ ဝင်းမှည့်ပြီးရွှဲစိုနေသည်။

သူမ၏ မျက်လုံးထဲတွင် အဆုံးမဲ့သော စွဲဆောင်မှုများလည်း ပြည့်နှက်နေခဲ့၏။

သူမ၏အရေပြားက ခရင်တစ်ခုကဲ့သို့နူးညံ့ပြီး နေအလင်းရောင်အောက်တွင် တောက်ပမှုများနှင့်အတူ ပြန်လည်၍အလင်းပြန်နေသည်။ ပြောရလျှင် သူမ၏ ခန္ဓာကိုယ်တစ်လက်မချင်းစီတိုင်းက စွဲဆောင်မှုများနှင့် ပြည့်နှက်နေခဲ့၏။

ချင်းချန် စကားပင်မပြောတော့ပဲ ချောင်စီစီ၏ အလွန်စွဲမက်ဖွယ်ကောင်းသော နှုတ်ခမ်းလေးကို ပြင်းထန်စွာဖြင့် ငုံ့နမ်းလိုက်သည်။ ချောင်စီစီကလည်း အလွန်သွက်လက်၏။ သူမ၏ နူးညံ့သောလျှာလေးကလည်း ချင်းချန်၏ ပါးစပ်ထဲသို့ အရင် ထိုးဖောက်ဝင်ရောက်သွားပြီး ချင်းချန်၏ သွားများကို စန္ဒယားတီးသလို ခေါက်သွားသည်။

သူတို့နှစ်ယောက်က အသက်ရှူကျပ်လုနီးပါး ပြင်းထန်စွာဖြင့် နမ်းနေကြပြီး သူတို့၏ရှူးသွပ်သောဆန္ဒများက ပေါက်ကွဲထွက်လာကာ ကမ္ဘာကြီးကို ပင် တုန်ခါစေ၏။

" အုန်း "

မူလစကြဝဠာနှင့် ငရဲပြည်က ချက်ချင်းပင် ပွဲ့တင်ထပ်လာပြီး ကြောက်စရာကောင်းသော ချီမုန်တိုင်းများကို ဖြစ်ပေါ်လာစေသည်။

ငရဲပြည်...

လက်ရှိအချိန်တွင် လူသေမြစ်က ချောင်စီစီနှင့် ချင်းချန်တို့နှစ်ယောက်ကြား ပြင်းထန်သောအနမ်းကြောင့် ဆူနာမီလှိုင်းများဖြစ်ပေါ်လာ၏။

လူသေမြစ်ထဲတွင်...

နင်မူယာ၊ ရှောင်းရှောင်း၊ ငရဲမြစ်အင်ပါယာနှင့် ယာမအင်ပါယာတို့က လှိုင်းထန်နေသော လူသေမြစ်ကြီးအားကြည့်ပြီး မူလစကြဝဠာ၏ ပြောင်းလဲမှုများကိုခံစားလိုက်ရသည်။

" ဒါက သခင်ချင်းချန် မူလစကြဝဠာ ပြန်ရောက်လာတာမလား "

ငရဲမြစ်အင်ပါယာ သူ၏လက်မှ အရောင်တောက်ပနေသောစွမ်းအားကို ငုံ့ကြည့်လိုက်ပြီး...

" အခု ငါ့ရဲ့ကျင့်ကြံအဆင့်က နောက်ထပ်ခြေတစ်လှမ်းတိုးနိုင်တော့မယ်

လို့ ထင်နေရတယ် "

ထိုသို့ပြောပြီးသည်နှင့် မူလစကြဝဠာဖြစ်သော ယန်ကမ္ဘာ၏ အရှိန်အဝါနှ င့် ငရဲပြည်၏ယင်ကမ္ဘာ အရှိန်အဝါက သူ၏ခန္ဓာကိုယ်မှ နှစ်ခုပေါင်းကာ ထွက်ပေါ်လာပြီး နတ်ဧကရာဇ်အဆင့်စွမ်းအားက ခန္ဓာကိုယ်တွင် ရိပ်ခနဲ ဖြစ်ပေါ်လာ၏။

သူ့သာမက သူ့ဘေးတွင်ရှိသော ယာမအင်ပါယာသည်လည်း နတ်ဧကရာဇ်အဆင့်အရှိန်အဝါ ဖြပ်ခနဲဖြစ်ပေါ်လာသည်။

ငရဲပြည်တွင် ရှည်လျားသောသမိုင်းကြောင်းရှိသည့် အကြီးမြတ်ဆုံး အင်ပါယာနှစ်ပါးဖြစ်သည့် သူတို့က မဟာအင်ပါယာ အထွတ်အထိပ်အဆင့်ကို လွန်ခဲ့သော နှစ်ပေါင်းမြောက်များစွာကတည်းက ရောက်ရှိနေခြင်းဖြစ်၏။

သို့သော်လည်း ငရဲပြည်၏ကန့်သတ်ချက်များကြောင့် ငရဲအင်ပါယာလေးပါးမှာ ဘယ်တုန်းကမှ နတ်ဧကရာဇ်အဆင့်ကို ထိတွေ့နိုင်ခဲ့ကြခြင်းမရှိပေ။

အင်ပါယာမင်ကျန်းနှင့် အင်ပါယာဂူရီတို့ ပုန်ကန်မှုအပြီးမှသာ ငရဲပြည်သည် လူသေမြစ်ကိုဖြတ်၍ မူလစကြဝဠာနှင့် ချိတ်ဆက်သွားခဲ့သည်။ ထိုသို့ချိတ်ဆက်သွားချိန်တွင် ယန်ကမ္ဘာ၏ အရှိန်အဝါက ငရဲပြည်ထဲသို့ ဝင်ရောက်လာခဲ့ပြီး သူနှင့်ယာမအင်ပါယာတို့နှစ်ယောက်လုံးက နတ်ဧကရာဇ်တစ်ပိုင်း အထွတ်အထိပ်အဆင့်ကို တက်လှမ်းနိုင်ခဲ့၏။

သို့သော်လည်း ငရဲပြည်၏ ကန့်သတ်ချက်များကြောင့် သူတို့က နတ်ဧကရာဇ်အဆင့်တံခါးကို လုံးဝမဖြတ်ကျော်နိုင်ခဲ့ချေ။

ယခုချင်းချန်က မူလစကြဝဠာကို ပြန်ရောက်လာပြီး နယ်မြေပို၍ချဲ့ထွင်လာသည့်အချိန်တွင် သူကောယာမအင်ပါယာနှစ်ယောက်လုံး ကျင့်ကြံအဆင့်အတားအဆီးက လျော့ရဲသွားသည်ဟု ခံစားလိုက်ရသည်။ ထို့အပြင် ငရဲ

ပြည်တစ်ခုလုံးကလည်း ပို၍အားကောင်းလာသည်ကို သူတို့သေချာခံစားလိုက်ရလေ၏။

***